# မင်းမြတ်သူရ

လင်းနို့ဘုရင်



သူတောင်းစားဟာ

ဘယ်တော့မှ စီးပွားမပျက်။

ချမ်းမြေ့သရဖီလှိုင်

လူယုတ်မာတစ်ယောက်ကို

အခွင့်အရေး

တစ်ကျပ်ဖိုးပေးရင်

တစ်ရာဖိုးရအောင် ပြန်ယူလိမ့်မယ်။

ချမ်းမြေ့သရဖီလှိုင်

ညှော်သည် ကောင်းတစ်ယောက်ဟာ

လာသင့်တဲ့ အချိန်နဲ့

ပြန်သင့်တဲ့ အချိန်ကို

နားလည်ရမယ်။

ချမ်းမြေ့သရဖီလှိုင်

မကြိုးစားသူရဲ့
အောင်မြင်မှုဟာ
ပင်အပ်ကိုင်ထားတဲ့ မျောက်ရဲ့ လက်မှာ ရှိတဲ့
ပူဖောင်းလိုပါပဲ။

ချမ်းမြေ့သရဖီလှိုင်

ကြောင်ဟာ ငါးဖမ်းချင်ပေမဲ့
ရေထဲဆင်းရမှာ တော့ ကြောက်တယ်။

ချမ်းမြေ့သရဖီလှိုင်

သူတောင်းစားရဲ့ ခွက်က
တောင်းလို့ ရရင် ပြည့်သွားနိုင်ပေမယ့်
သူဌေးသူကြွယ်ရဲ့ ခွက်ကတော့
ဘယ်တော့မှ မပြည့်နိုင်ဘူး။

ချမ်းမြေ့သရဖီလှိုင်

မွန်ပြည်နယ် သံဖြူဇရပ်နှင့် မနီးမဝေးတွင် ရှိသော ရွာကြီးတစ်ရွာ၏ သူကြီးအိမ်မှ မောင်းသံတဒူဒူ ကြားလိုက်ရသဖြင့် ရွာသူရွာသားများသည် လှုပ်လှုပ်ရွရွဖြစ်သွားပြီး သူကြီးအိမ်သို့ ကမန်းကတန်း ရောက်ရှိလာကြလေ၏။

ထိုအခါ နှုတ်ခမ်းမွေးကားကားကြီး ရှိသော သူကြီး ဦးစံဖဲက 'အဟမ်း… အဟမ်း' ဟု ချောင်းကို ဟန့်ကာ

"ရွာသူရွာသားတွေကို အချိန်အခါမဟုတ်ဘဲ ဆင့်ခေါ်လိုက်ရတဲ့ အကြောင်းကတော့ ဂျော့ဘုရင်ရဲ့ နန်းသက် (၂၅) နှစ် ပြည့်မြောက်တဲ့ ငွေရတု အခါသမယမှာ ကျုပ်တို့ ရွာကလည်း တစ်တပ်တစ်အား ပါဝင်ပြီး ဂုဏ်ပြုဖို့ "

ဟု ပြောလေရာ ရွာထဲတွင် ဟိုနေရာစပ်စပ် သည် နေရာစပ်စပ် ပါလေ့ရှိသူ ဦးဖိုးသာဆိုသည့် အဘိုးကြီးက…

"သူတို့ ဘုရင် နန်းတက်တာ (၂၅) နှစ် ပြည့်ပေမယ့် ကျုပ်တို့ ဘုရင် သီပေါမင်းကတော့ ရတနာဂီရိမှာ အကျဉ်းချခံထားရတယ်"

ဟု အော်ဟစ် လိုက်လေ၏။

ထိုအခါ ဦးဖိုးသာနှင့်အပြိုင် နေရာတကာ ပါလေ့ရှိသော ဒေါ်ကြင်ကြင်ဆိုသည့် မိန်းမကြီးကလည်း

"ဂျော့ဘုရင် နန်းတက်တာ (၂၅) နှစ်ပြည့်တာနဲ့ ကျုပ်တို့ နဲ့ က ဘာဆိုင်ရမှာ လဲ။ ဂျော့ဘုရင်ကို ဂုဏ်ပြုမယ့်အစား ကျုပ်ယောကျ်ား ဦးကြည်သိန်းကြီးကိုပဲ ဂုဏ်ပြုတော့မယ်။ ဦးကြည်သိန်းကြီး ကျုပ်ကိုပေါင်းလာတာလည်း ဒီနှစ်ဆိုရင် (၂၅) နှစ်တိတိ ပြည့်ပြီ။ ဒါကြောင့် ဂျော့ဘုရင်ကို ဂုဏ်မပြုဘူး။ ကျုပ်ယောကျ်ားကို ကျုပ် ဂုဏ်ပြုမယ်"

ဟု ပြောလိုက်ရာ ရွာသူရွာသားများ သည် တဝါးဝါး တဟားဟားနှင့် ပွဲကျသွားလေ၏။ ရွာသူရွာသားများ ထဲမှ နှုတ်သွက်လျှာသွက်နိုင်သော တင်လှ ဆိုသူက

"ဒေါ်ကြင်ကြင်ကြီး ဦးကြည်သိန်းကို ဘယ်လိုဂုဏ်ပြုမှာ လဲ"

ဟု မေးမြန်း လိုက်လေ၏။ ထိုအခါ ဒေါ်ကြင်ကြင်က

"ဟဲ့... ငါ့ယောက်ျားကို ငါ ဘယ်လိုဂုဏ်ပြုပြု နင်တို့ နဲ့ ဘာဆိုင်လို့ လဲ။ ငါ့ဘာသာ ညကျမှ ဂုဏ်ပြုမှာ ပေါ့"

ဟု ပြောလေရာ ကာလသား လူငယ်များ သည် ဆူဆူညံညံ အော်ဟစ်၍

"ညရောက်ရင် ဘယ်လိုဂုဏ်ပြုမှာ လဲ။ တိတိကျကျ ပြောပါ"

ဟု တောင်းဆိုလေ၏။

ဒေါ်ကြင်ကြင်၏ အပြောကြောင့် သူကြီး ဦးစံဖဲပင်လျှင် သူ၏ မောင်းကြီးကို ဆက်၍ မထုတော့ဘဲ ကြောင်အမ်းအမ်းဖြင့် နားထောင် နေလေ၏။

ဒေါ်ကြင်ကြင်က ခါးထောက်၍

"သေနာကောင်တွေ... ငါ့ယောက်ျားကို ညကျရင် ငါကိုယ်တိုင် သီချင်းဆိုပြမယ်၊ ကပြမယ်။ ငါငယ်ငယ်တုန်းက မုဒုံတစ်ဝိုက်မှာ နာမည်ကြီး အငြိမ့်မင်းသမီးဆိုတာ မေ့နေကြပြီလား"

ဟု အော်ဟစ်ပြောဆို လိုက်လေရာ ကာလသားများ သည် တဝါးဝါး တဟားဟား ရယ်မောကြလေ၏။

ထိုအခါ သူကြီး ဦးစံဖဲက မောင်းကြီးကို တဒူဒူထု၍

"ရပ်ကြစမ်း... သူကြီးအိမ်မှာ လာပြီး အော်ဟစ်ဆူညံမနေနဲ့ ။ မင်းတို့ ကိုဆင့်ခေါ်တာ အစိုးရမင်းမိန့်နဲ့ ကွ။ ငါ့အမိန့်နဲ့ ဆင့်ခေါ်တာ မဟုတ်ဘူး ။ ဂျော့ဘုရင်ရဲ့ (၂၅) နှစ်မြောက် ငွေရတု သဘင်ပွဲမှာ ပွဲလမ်းသဘင်တွေ ကျင်းပရမယ်လို့ အထက်က အမိန့်ထုတ်ထားတယ်။ ဒါကြောင့် ငါ

တို့ ရွာမှာ ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေကို စည်စည်ကားကားနဲ့ ကျင်းပရမယ်။ အိမ်ခြေတစ်ထောင်ရှိတဲ့ ငါတို့ ရဲ့ ပေတောကုန်းရွာဟာ အနီးအနားမှာ ရှိတဲ့ ဘယ်ရွာနဲ့ ယှဉ်ယှဉ် အားလုံးထက် သာလွန်တယ်ဆိုတာ မင်းတို့ အသိပဲ”

ဟု ပြော လိုက်လေ၏။

ယခုနှစ် ရွာတွင် စီးပွားရေးကောင်းပြီး ငွေရေးကြေးရေး ချောင်လည်ကြသဖြင့် အငြိမ့်ပွဲ၊ ဇာတ်ပွဲပြုလုပ်ရန် သူတို့ အားလုံး စိတ်အားထက်သန်ကြ၏။

ရွာသူရွာသားများအားလုံး အငြိမ်ပွဲ၊ ဇာတ်ပွဲ မကျင်းပသည် မှာ ကြာပြီဖြစ်သဖြင့် ပွဲငတ်နေကြ၏။ ပွဲလမ်းသဘင်ပါသော အလှူပွဲကြီးများ လည်း မကျင်းပသည် မှာ ကြာပြီ ဖြစ်၏။

သူကြီးက ရွာသူရွာသားများကို ကြည့်၍

“ငါတို့ ရွာဟာ အိမ်ခြေတစ်ထောင်ရှိတဲ့ ရွာကြီးကွ။ အကောင်းဆုံးအငြိမ့်ပွဲ၊ ဇာတ်ပွဲကို သွင်းနိုင်တယ်။ ငါတို့ ပေတောကုန်းဟာ အစဉ်အလာရှိတဲ့ ရွာကြီးလည်း ဖြစ်တယ်။ ပေတောကုန်း ရွာသားတွေဟာ စည်းလုံးညီညွတ်တယ်။ပေတောကုန်းကလုပ်ရင် တခြားရွာတွေအားလုံးထက် သာမယ်ဆိုတာ အနီးအနားရွာတွေကလည်း သိကြတယ်။ ဒီနှစ် ဈေ့ာဘုရင်ရဲ့ (၂၅) နှစ်ပြည့် ရွှေရတု အထိမ်းအမှတ်ပွဲမှာ ငါတို့ ရွာက သူများ ထက်သာလွန်တဲ့ ပွဲ ကျင်းပချင်တယ်။ အဲဒါကို ရွာသူရွာသားတွေ ဝိုင်းပြီး စဉ်းစားပေးကြပါ။ ငါတို့ ပေတောကုန်းရဲ့ အစဉ်အလာနဲ့ သမိုင်းကို ဆက်ပြီးထိန်းကြမယ်။ ငါတို့ ရွာကကျင်းပတဲ့ ပွဲလမ်းသဘင်ကို အနီးအနားက ရွာတွေအားလုံး တအံ့တဩ ရှိနေရမယ်။ ဒီလိုဖြစ်အောင် ရွာသူရွာသားအားလုံး ဝိုင်းဝန်းပြီး ကြိုးစားကြရမယ်”

ဟု ပြောလေ၏။

သူကြီးမင်း၏ သွေးကြွဖွယ်ကောင်းသော စကားကြောင့် ရွာသူရွာသားများ သည် စိတ်အား တက်ကြွ လာပြီး

“ပေတောကုန်းရဲ့ အစဉ်အလာကို ထိန်းရမှာ ပေါ့။ ကျုပ်တို့ သူများရွာတွေထက် သာအောင် တစ်ခုခု လုပ်ကြမယ်”

ဟု တစ်ယောက်တစ်ပေါက် ပြောလေ၏။

ထိုအခါ ဒေါ်ကြင်ကြင်ဆိုသော အဘွားကြီးက

“သူများ ထက်သာအောင် ကျုပ်တို့ ရွာက မျောက်ပွဲသွင်းရင် မကောင်းဘူးလား”

ဟု ပြောလေရာ ရွာသူရွာသားများ သည် ကမန်းကတန်း ဆူပူကန့်ကွက်ကြလေ၏။

ထိုအခါ ဦးဘဦးဆိုသော ခပ်ရှုပ်ရှုပ်အဘိုးကြီးကလည်း

“မျောက်ပွဲသွင့်မယ့်အစား မျက်လှည့်ပွဲတွေ၊ ဆပ်ကပ်ပွဲတွေ သွင်းရင် မကောင်းဘူးလား”

ဟု အကြံပြုလေ၏။ ထိုအခါ ဦးဘဦးကို ကြည့်မရသော ဒေါ်ငွေရ ဆိုသော အဘွားကြီးက ဝင်ရောက်၍

“ဟဲ့… ဘဦး… ရွာမှာ ဆပ်ကပ်သွင်းမယ့်အစား နင်နဲ့ နင့်မိန်းမပဲ စင်ပေါ်တက်ပြီး ကျွမ်းထိုးပါလား”

ဟု ပြောလေရာ ဦးဘဦးဆိုသောလူကြီးက ဒေါ်ငွေရကို မကျေမနပ်ကြည့်၍

“ဒေါ်ငွေရကြီး… ခင်ဗျား ကျုပ်တို့ လင်မယားကို စော်ကားတာလား။

ကျုပ်တို့ လင်မယား စင်ပေါ်တက်ပြီး ကျွမ်းမထိုးဘူး။ ခင်ဗျားနဲ့ ခင်ဗျား ယောက်ျား စင်ပေါ်တက်ပြီး ဦးရွှေရိုးနဲ့ ဒေါ်မိုး ကကြပါလား။ ခင်ဗျား ယောက်ျားကြီးက အရပ်ရှည်ရှည် ကလန်ကလားကြီးနဲ့ ဆိုတော့ ကြည့် လို့ အတော်ကောင်းမှာ ပဲ”

ဟု ပြောလေရာ ဒေါ်ငွေရကြီးသည် ဒေါ်သူပုန်ထသွားပြီး

“သေခြင်းဆိုး ဘဦး။ ငါ့ယောက်ျားတော့ ဦးရွှေရိုး မကဘူး။ နင်ကိုယ် တိုင်ပဲ စင်ပေါ်တက်ပြီး မျောက်က ကပေတော့”

ဟု ပြောလေရာ ဦးဘဦးသည် ရှုံးရှုံးရှဲရှဲဖြစ်သွားလေ၏။ ထိုအခါ သူကြီးမင်း၏ တပည့်ကျော် ငှက်ရိုးက စားပွဲခုံကို တဘုန်းဘုန်းထု၍

“တော်ကြပါတော့ဗျို့။ သူကြီးစကား မဆုံးသေးဘူး။ ခင်ဗျားတို့ ဆူ ညံပွက်နေတာပဲ။ ကျုပ်တို့ ရွာရဲ့ အစဉ်အလာကို ထိန်းပြီး သူများ ထက် ထူးခြားချင်ရင် အားလုံးဝိုင်းပြီး စဉ်းစားပေးကြ”

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ငွေရကြီးက သူကြီး၏ တပည့် ကိုငှက် ရိုးကိုကြည့်၍

“ဟဲ့ ငှက်ရိုး... ကပ်ဖားကောင်။ ရွာမှာ ဒီလောက်တောင် ထူးထူးခြားခြားပွဲ လုပ်ချင်ရင် နင့်အစ်မတွေကို မယ်ပြိုင်ပွဲ ဝင်ခိုင်းပါ လား”

ဟု ပြောလေရာ ရွာသူရွာသားများ သည် တဝါးဝါးတဟားဟား ပွဲကျ သွားပြီး

“ဟုတ်တယ်ဗျို့။ မယ်ပြိုင်ပွဲ လုပ်ပါ။ ကိုငှက်ရိုးအစ်မတွေ မယ်ပြိုင်ပွဲ ဝင်တာ ကြည့်ချင်တယ်”

ဟု ကာလသားများက ဝိုင်းဝန်းအော်ဟစ်ကြလေ၏။

အဘယ်ကြောင့် ဆိုသော် သူကြီး၏ တပည့်ကျော် ကိုငှက်ရိုး၌ အပျိုကြီးအစ်မ လေးယောက်တိတိ ရှိသောကြောင့် ဖြစ်၏။

ကိုငှက်ရိုးသည် ရွာသူရွာသားများ ဘက်မှ ဝိုင်းဝန်း၍ အော်ဟစ်ပြီး မယ်ပြိုင်ပွဲပြုလုပ်ရန် တောင်းဆိုနေသဖြင့် ရှက်ကိုးရှက်ကန်းဖြစ်ကာ စားပွဲကို လက်ဝါးဖြင့် တဖုန်းဖုန်း ရိုက်လေ၏။

သူသည် သူကြီး၏ တပည့်ကျော်ပီပီ ရွာသူရွာသားများအား ဖိနှိပ်တတ်သဖြင့် ရွာသား အများ စုက ကိုငှက်ရိုးကို ကျေနပ်ခြင်းမရှိပေ။

ရွာသားများ သည် ကိုငှက်ရိုး၏ ရှုံ့မဲ့နေသော မျက်နှာကြီးကို ကြည့် ၍

"မယ်ပြိုင်ပွဲ လုပ်ပါဗျို့။ မယ်ပြိုင်ပွဲ လုပ်ပါ။ ကိုငှက်ရိုးအစ်မတွေ မယ်ပြိုင်ပွဲဝင်တာ ကြည့်ချင်တယ်"

ဟု အော်ဟစ်ကြလေ၏။

ထိုအခါ သူကြီးမင်းသည် ရွာသူရွာသားများ ၏ စိတ်အားတက်ကြွနေသော အမူအရာကို ကြည့်၍ တစ်စုံတစ်ရာကို စိတ်ကူးပေါက်သွားပြီး မောင်းကြီးကို တဒူဒူထုလိုက်ရာ ရွာသူရွာသားများ အားလုံး ငြိမ်သက်သွားလေ၏။

သူကြီးမင်းက ရွာသူရွာသားများကို ကြည့်၍

"ကောင်းပြီ။ အားလုံးရဲ့ သဘောဆန္ဒအရ ရွာမှာ မယ်ပြိုင်ပွဲလုပ်မယ် ။ သဘောတူကြလား"

ဟု မေးမြန်းလိုက်ရာ ရွာသူရွာသားများ သည် အလွန် နှစ်ထောင်းအားရ ဖြစ်သွားပြီး

"တူပါတယ်… တူပါတယ်။ ကိုငှက်ရိုးရဲ့ အစ်မတွေကို မယ်ပြိုင်ပွဲ ဝ င်ခိုင်းပါ"

ဟု ဆူညံစွာ အော်ဟစ်ထောက်ခံကြ၏။

ထိုအခါ သူကြီးတပည့်ဖြစ်သူ ကိုငှက်ရိုးက ဆရာဖြစ်သူကို ထိတ်လ န့်စွာကြည့်၍

"ကျုပ်အစ်မတွေကို မယ်ပြိုင်ပွဲ ဝင်ခိုင်းမယ်… ဟုတ်လား။ စဉ်းစဉ်း စားစား ပြောပါ သူကြီးရယ်"

ဟု တောင်းပန် လိုက်လေ၏။ ထိုအခါ သူကြီးက

"ဟေ့ကောင် ငှက်ရိုး… မင်းပါးစပ် ပိတ်ထားစမ်း။ ငါတို့ က အများ သဘော ဆန္ဒအရ လုပ်ကြရမှာ ကွ။ ရွာသူရွာသားတွေ အားလုံးက မယ်ပြိုင်ပွဲလုပ်ဖို့ စိတ်အားထက်သန်နေကြတယ်။ ဒါကြောင့် သူတို့ ရဲ့ စိ တ်တိုင်းကျ ငါတို့ ဆောင်ရွက်ပေးရမယ်။ ရွာမှာ မယ်ပြိုင်ပွဲ လုပ်ကိုလုပ် မှ ဖြစ်မယ်"

ဟု ပြောလိုက်ရာ သူကြီး၏ တပည့်ကျော် ကိုငှက်ရိုးသည် အထိတ် တလန့် ဖြစ်သွားပြီး

"သူကြီးရာ… စဉ်းစဉ်းစားစား လုပ်ပါ။ ကျုပ်အစ်မတွေက ဆယ်ကျော်သက်ကလေးတွေ မဟုတ်တော့ဘူးဗျ။ အားလုံးက လေးဆ ယ်ကျော် ငါးဆယ် ဖြစ်နေကြပြီ"

ဟု ပြောလေရာ သူကြီးက လက်ခါပြ၍

"ဟေ့ကောင်… မင်းပါးစပ် ပိတ်ထား။ ငါ့မှာ အကြံအစည်ရှိတယ်။ ငါတို့ ရွာမှာ မယ်ပြိုင်ပွဲ လုပ်မယ်ဆိုတာ အသက်ငယ်ရွယ်တဲ့ ဆယ်ကျော် သက် လုံမပျိုတွေကို ပြိုင်ခိုင်းမှာ မဟုတ်ဘူး ကွ။ အသက် လေးဆယ်

ကျော် ငါးဆယ်ရှိပြီး အရွယ်တော် တစ်ဆိတ်ဟိုင်းနေတဲ့ အပျိုကြီးတွေ၊ မုဆိုးမတွေ၊ တစ်ခုလပ်တွေကို ပြိုင်ခိုင်းမှာ ကွ။ ဒါဆိုရင် ငါတို့ ရွာရဲ့ မယ်ပြိုင်ပွဲဟာ အနီးပတ်ဝန်းကျင် ရွာတွေမှာ ထူးပေ့ဆန်းပေ့ဆိုတဲ့ ပြိုင်ပွဲကြီး ဖြစ်တော့မှာ ပဲ။ အင်မတန်ကောင်းတဲ့ ဒီစိတ်ကူးကို ငါ့ခေါင်းထဲမှာ ရုတ်တရက် ရလိုက်တာကွ။ မင်းဆရာ မတော်ဘူးလား"

ဟု ဂုဏ်ယူဝင့်ကြွားသော အသံဖြင့် မေးမြန်းလိုက်ရာ တပည့်ကျော် ငှက်ရိုးက အောင့်သက်သက်မျက်နှာဖြင့် ခေါင်းညိတ်၍

"တော်ပါပေတယ် သူကြီးရယ်... တော်ပါပေတယ်"

ဟု ရေရွတ် လိုက်လေ၏။

သူကြီးက မောင်းကြီးကို တဒူဒူထု၍

"ရွာသူရွာသားတွေရဲ့ သဘောဆန္ဒအရ ကျုပ်တို့ ရွာမှာ မယ်ပြိုင်ပွဲ လုပ်မယ်။ အငြိမ့်ပွဲ၊ ဇာတ်ပွဲလည်း သွင်းမယ်"

ဟု ကြေညာလိုက်ရာ ရွာသူရွာသားများ သည် ဝမ်းမြောက်ဝမ်းသာဖြင့် တစ်ခဲနက်အော်ဟစ်ပြီး အားပေးကြလေ၏။

ထိုနေ့က ရွာသူရွာသားများ ပြန်သွားသောအခါ သူကြီးနှင့် သူကြီးကတော်ကြီး နောင်ဂျိန်ရန်ပွဲများ ဖြစ်ပွားကြလေ၏။

သူကြီးကတော်ကြီးက

"ဒီမှာ ကိုစံဖဲ... ရှင် အိုကြီးအိုမ အရွယ်ကြီးရောက်မှ ရွာမှာ မယ်ပြိုင်ပွဲ လုပ်ရမယ်လို့ ။ ရှင့်ကိုယ်ရှင် လူပျို ကာလသားလေးများ အောက်မေ့နေလို့ လား"

ဟု အော်ဟစ်ဆူပူလေ၏။ ထိုအခါ သူကြီးမင်းက

“ဒီမှာ မငွေစိန်… မင်း ဘာနားလည်လို့ ငါ့အလုပ်မှာ ဝင်ရှုပ်ရတာလဲ ။ မယ်ပြိုင်ပွဲ လုပ်မယ်ဆိုတာ လုံမပျိုလေးတွေရဲ့ မယ်ပြိုင်ပွဲ မဟုတ်ဘူးကွ။ ငါတို့ ရွာမှာ ရှိတဲ့ အပျိုကြီး၊ မုဆိုးမတွေရဲ့ မယ်ပြိုင်ပွဲ လုပ်မှာ ဟဲ့။ လုံမပျိုလေးတွေရဲ့ မယ်ပြိုင်ပွဲလုပ်မယ်ဆိုရင် ငါတို့ ရွာကို ဘယ်သူမှ စိတ်ဝင်စားမှာ မဟုတ်ဘူး ။ အခုလို အရွယ်တော် တစ်ဆိတ်ဟိုင်းကြီးတွေရဲ့ ပြိုင်ပွဲဆိုရင် အနီးအနား ရွာကလူတွေ အထူးအဆန်းဆိုပြီး တစ်ခဲနက် အားပေးကြမှာ မြင်ယောင်သေးတယ်ဟေ့”

ဟု ပြောလေရာ ဒေါ်ငွေစိန်ဆိုသော သူကြီးကတော်ကြီးက ခါးကို ထောက်၍

“ဒီမှာ ကိုစံဖဲ… ရှင့်အကြောင်းကို ကျုပ် မသိဘူးများ အောက်မေ့လို့လား။ ရှင် သူငယ်ပြန်ပြီး ငယ်ငယ်တုန်းက အဆက်ဟောင်းတွေနဲ့ ကမြင်းကြောထချင်လို့ အရွယ်တော် တစ်ဆိတ်ဟိုင်းကြီးတွေရဲ့ မယ်ပြိုင်ပွဲကို ကျင်းပတာမဟုတ်လား”

ဟု အော်ဟစ်ပြောဆိုလေ၏။

ထိုအခါ သူကြီးသည် မိန်းမဖြစ်သူကို မခံချိမခံသာ ဖြစ်သွားပြီး

“ဒီမှာ မငွေစိန်… မင်း ငါလုပ်တဲ့ အလုပ်ကို ဝင်မရှုပ်နဲ့ ။ ငါဟာ ရွာကောင်းကျိုးအတွက် မျှော်ကိုးပြီး အလုပ်လုပ်နေတာဟဲ့။ ငါတို့ ရွာဟာ အိမ်ခြေတစ်ထောင်ကျော်ရှိတဲ့ ရွာကြီး။ အနီးအနား ရွာတွေဟာ ငါတို့ရွာရဲ့ ပွဲလမ်းသဘင်တွေကို အထူးအဆန်းဖြစ်ပြီး ပြောစမှတ်တွင် နေရမယ်။ မင်း ဘာမှ ငါ့ကို မဟုတ်တာတွေ မစွပ်စွဲနဲ့ ”

ဟု အော်ဟစ်ပြောဆိုလေ၏။

ထိုအခါ သူကြီးကတော်ကြီးသည် စိတ်မထိန်းနိုင်တော့ဘဲ အနီးတွင်

ရှိသော သနပ်ခါးတုံးကို ယူ၍ ပစ်ပေါက်လိုက်ပြီး

"ဒီမှာ ကိုစံဖဲ… ရှင် ဘယ်လိုပဲ အကြောင်းပြပြ ကျွန်မကတော့ မယုံ ရေးချ မယုံပဲ။ မယ်ပြိုင်ပွဲ လုပ်တဲ့ နေ့ဟာ ရှင်နဲ့ ကျွန်မ ကွဲရမယ့်နေ့ပဲ… သိရဲ့ လား။ တကတဲတော်… အသက်အရွယ်ကိုမှ အားမနာ။ ဆံဖြူသွားကြွေနေတဲ့ အရွယ်ကိုရောက်မှ ရွာမှာ မယ်ပြိုင်ပွဲ လုပ်ဦးမယ်တဲ့ ။ လုပ်မယ့် လုပ်တော့လည်း ငယ်ငယ်ရွယ်ရွယ် လုံမပျိုလေးတွေရဲ့ မယ်ပြိုင်ပွဲ မဟုတ်ဘူး ။ ကြီးကောင်ကြီးမားရောက်နေတဲ့ သူ့အဆက်ဟောင်းတွေရဲ့ မယ်ပြိုင်ပွဲ တဲ့ ။ ကိုစံဖဲ… ကိုစံဖဲ… ရှင် ကျွန်မကို ဒီလို လူလည်ကျလို့ ဘယ်ရမလဲ။ ငွေစိန်တဲ့ … တစ်စိန်တည်း ရှိတယ်"

ဟု အော်ဟစ် သောင်းကျန်းနေလေတော့၏။

ပေတောကုန်းရွာ တစ်ရွာလုံး မယ်ပြိုင်ပွဲနှင့် ပတ်သက်ပြီး အလွန် စိတ်အား ထက်သန်နေကြ၏။ ထိုသူများ ထဲတွင် အသက်ငါးဆယ်အရွယ် မုဆိုးဖိုကြီး ဦးရွှေဖီးမှာ အဆိုးဆုံး ဖြစ်၏။

အဘယ့်ကြောင့် ဆိုသော် မယ်ပြိုင်ပွဲ ကျင်းပမည့် ဒိုင်အဖွဲ့တွင် ဦးရွှေဖီးအား ဥက္ကဋ္ဌ တင်မြှောက်ထားသောကြောင့် ဖြစ်၏။

အမှန်စင်စစ် မယ်ပြိုင်ပွဲ၏ ဥက္ကဋ္ဌရာထူးကို သူကြီးမင်းက ရယူချင်၏။ သို့သော် သူကြီးကတော်ကြီး၏ တစ်ချက်လွှတ်အမိန့်အရ သူကြီးမင်းသည် ဥက္ကဋ္ဌရာထူးကို မရယူရဲပေ။

မယ်ပြိုင်ပွဲ၏ ဥက္ကဋ္ဌအဖြစ် ဦးရွှေဖီးကိုသာ တင်မြှောက်လိုက်၏။ ဦးရွှေဖီးသည် ငယ်စဉ်က မိုက်ဂုဏ်ရှိသော လူမိုက်ဟောင်းကြီး ဖြစ်သဖြင့် ရွာသူရွာသားအများ စုက လေးစားကြ၏။

ဦးရွှေဖီးသည် မယားသေဆုံးပြီးနောက် အလုပ်အကိုင်ကို မည်မည်ရ

ရမလုပ်ဘဲ ရွာတွင် လှည့်၍ သောက်စားမူးယစ်နေသည် က များ လေ၏ ။

ဦးရွှေဖိုးသည် လူချစ်လူခင် များ ပြားသဖြင့် စားရေးသောက်ရေးအတွက် ပူပင်သောက မရှိချေ။ သူ၏ တစ်ဝမ်းတစ်ခါးအတွက် ကြုံလျှင်ကြုံသလို ဝင်ရောက်စားသောက်လေ့ရှိ၏။

ယခု မယ်ပြိုင်ပွဲ၌ ဦးရွှေဖိုးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူမည်ဆိုသော အခါ တစ်ရွာလုံးက အုန်းအုန်းကျွက်ကျွက် ဖြစ်သွား၏။

မယ်ပြိုင်ပွဲဝင်မည့် အပျိုကြီး၊ အပျိုလတ်၊ မုဆိုးမ စသော မိန်းမများသည် အထိတ်တလန့် ဖြစ်သွားကြလေ၏။ ဦးရွှေဖိုးသည် ရွာလူမိုက်ကြီးဖြစ်သဖြင့် ၎င်း၏ ရှေ့တွင် ကိုယ်ဟန်ပြရမည့် အရေးကို အထိတ်တလန့် ဖြစ်နေကြ၏။

ထို့ကြောင့် တချို့သောမိန်းမများ သည် သူကြီးထံသို့သွား၍ ဦးရွှေဖိုးကို မယ်ပြိုင်ပွဲ၏ ဥက္ကဋ္ဌ မလုပ်ခိုင်းရန် ပြောကြား၏။

ထိုမိန်းမများ သည် သူကြီးကတော်ကြီးနှင့် တွေ့ပြီး အငိုလွယ် အရှိုက်ခက်ဖြစ်ကာ နောက်ကြောင်းပြန်ခဲ့ရသည် ပင် များ လာ၏။

မည်သို့ပင်ဖြစ်စေ ဦးရွှေဖိုးသည် မယ်ပြိုင်ပွဲ ကျင်းပရန်အတွက် စိတ်အားထန်သန်စွာ ပြင်ဆင်နေလေ၏။

ပြိုင်ပွဲဝင်မည့် မယ်များ အတွက် ဟန်ရေးပြသရန် စင်မြင့်ကို ရွာလယ်ကွက်လပ်ကြီး၌ တည်ဆောက်၏။

ထိုစင်မြင့်၏ နောက်ခံအဆင်အပြင်ကို ရွာ၌ ဟိုနေရာစပ်စပ် ဒီနေရာစပ်စပ် လက်သမား လုပ်လေ့ရှိသော ဦးဘဦးက တာဝန်ယူထား၏။

ဦးဘဦးသည် ဘုန်းကြီးပျံပွဲ၌ အဆင်အပြင် ခြယ်သလေ့ရှိသူဖြစ်ရာ

မယ်ပြိုင်ပွဲကျင်းပရာ စင်မြင့်၏ နောက်ခံအဆင်အပြင်မှာ ဘုန်းကြီးပျံပွဲနှင့် တူနေလေ၏။

ဦးရွှေဖီးနှင့် ဦးဘဦးသည် ဘုန်းကြီးရူးနှင့် လှေလူး တွေ့သည့်နှယ် မယ်ပြိုင်ပွဲကျင်းပရာ စင်ကြီးကို ကြည့်၍ သဘောအကျကြီး ကျနေလေ၏ ။

ဦးရွှေဖီးသည် မယ်ပြိုင်ပွဲဥက္ကဋ္ဌအဖြစ် အစည်းအဝေးများကို မကြာခဏ ခေါ်ယူဆွေးနွေးလေ၏။

ထိုအစည်းအဝေးများ ၌ ဦးရွှေဖီးသည် စိတ်အားတက်ကြွစွာဖြင့် ဒိုင်အဖွဲ့ဝင် လူကြီးများကို သင်ကြားပြသလေ၏။

ဒိုင်အဖြစ် ပြုလုပ်မည့်သူများမှာ ရွာရှိ မုဆိုးဖို၊ တစ်ခုလပ်လူကြီးများပင် ဖြစ်၏။

၎င်းတို့ သည် ဘုမသိဘမသိဖြင့် ဒိုင်လူကြီးများ ဖြစ်လာသော်လည်း မည်သည့် စည်းမျဉ်းစည်းကမ်းများ ဖြင့် အမှတ်ပေးရမည်ကို နားမလည်ပဲ ရှိလေ၏။

ထို့ကြောင့် ဥက္ကဋ္ဌ ဦးရွှေဖီးအား တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းမေးမြန်းကြလေ၏။

ထိုအခါ ဦးရွှေဖီးက လက်ကာပြ၍

“ဒီမှာ ကျုပ်တို့ ရွာကကျင်းပတဲ့ မယ်ပြိုင်ပွဲဟာ မြို့ပေါ်ကပွဲလည်း မဟုတ်ဘူး ။ ကျုပ်တို့ စိတ်တိုင်းကျ လုပ်တဲ့ ပွဲ။ ဒါကြောင့် မယ်ပြိုင်ပွဲရဲ့ စည်းမျဉ်းစည်းကမ်းတွေဟာ ကျုပ်တို့ စိတ်တိုင်းကျ စည်းကမ်းတွေပဲ ဖြစ်သင့်တယ်။ ဒါကြောင့် မယ်ပြိုင်ပွဲနဲ့ ပတ်သက်ပြီး အမှတ်ပေးတဲ့ နေရာမှာ ခင်ဗျားတို့ မယ်တစ်ယောက်ကို အမှတ် (၃) မှတ်အထိ ပေးနိုင်

တယ်။ ဘယ်လို စည်းမျဉ်းစည်းကမ်း တွေနဲ့ ပေးရမယ်လို့ လည်း ကျုပ်ကို လာမမေးနဲ့ ။ ခင်ဗျားတို့ ပေးချင်သလို ပေးနိုင်တယ်။ ခင်ဗျားတို့ ရဲ့ မျက်လုံးထဲမှာ ဒီမယ်တစ်ယောက်ဟာ အလှကြီးလှနေရင် အမြင့်ဆုံးအမှတ်ဖြစ်တဲ့ (၃) မှတ် ပေးလိုက်။ အလယ်အလတ်လောက် လှနေရင် (၂) မှတ် ပေးလိုက်။ အတော်အတန်လောက်သာ လှမယ် ဆိုရင်တော့ (၁) မှတ်လောက်ပဲ ပေးလိုက်။ ဒါ ကျုပ်တို့ မယ်ပြိုင်ပွဲရဲ့ စည်းကမ်းပဲ”

ဟု ပြောလေရာ ဒိုင်အဖြစ် ပါဝင်လုပ်ကိုင်ရမည့် ရွာရှိ မုဆိုးဖို၊ တစ်ခုလပ် အဘိုးကြီးများ သည် အလွန် သဘောကျသွားလေ၏။

ထို့ကြောင့် မယ်ပြိုင်ပွဲ၌ ဒိုင်အဖြစ် ပြုလုပ်ရန် အလွန် စိတ်အားထက်သန်ကြလေ၏။

မယ်ပြိုင်ပွဲကြီး နီးလာသည် နှင့်အမျှ မယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် အသက် လေးဆယ်ကျော် ငါးဆယ်ဝန်းကျင် မိန်းမများ သည် အလွန် စိတ်လှုပ်ရှား၍ နေလေ၏။

မယ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရမည့် မိန်းမများ ထဲတွင် အပျိုကြီးများ ၊ မုဆိုးမများ ၊ တစ်ခုလပ်များ ပါရှိ၏။ မယ်ပြိုင်ပွဲ၏ အဓိကကျသော စည်းကမ်းမှာ အိမ်ထောင်ရှိသောလူများ ပါဝင် ယှဉ်ပြိုင်ခွင့်မရှိပေ။

မယ်ပြိုင်ပွဲ နီးလာသောအခါ တစ်ရွာလုံး ပို၍ အလုပ်ရှုပ်လာကြ၏။ ထို့ကြောင့် သူကြီးမင်းသည် ဈော့ဘုရင်၏ ငွေရတုသဘင်ပွဲ၌ အခြားသော အငြိမ့်ပွဲ၊ ဇာတ်ပွဲများကို ရွာသို့ ငှားရမ်းရန် မကြိုးစားတော့ဘဲ မယ်ပြိုင်ပွဲတစ်ခုတည်းကိုသာ ဦးစီး၍ ကျင်းပရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့်ပင် ရွာသူရွာသားများ သည် မယ်ပြိုင်ပွဲနှင့်ပတ်သက်၍ ပိုမို၍ သဘောထား လေးနက်လာကြပြီး မယ်ပြိုင်ပွဲကြီး ဖြစ်မြောက်ရန်

တစ်ရွာလုံး အားကြိုးမာန်တက် ကူညီကြလေ၏။

မယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အပျိုကြီး၊ အပျိုလတ်နှင့် မုဆိုးမများမှာ မြို့ပေါ်တက်၍ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် အလှပြင်ပစ္စည်းများကို ဝယ်ယူကြလေ၏။

မယ်ပြိုင်ပွဲတွင် ဝတ်ဆင်ရန်အတွက် အဝတ်အစားများကိုလည်း ချုပ်ကြ၏။

အချို့ ငွေကြေးမတတ်နိုင်သော မယ်ပြိုင်ပွဲဝင်မည့် မိန်းမများကို ၎င်းတို့ ၏ ဆွေမျိုးများက ဝိုင်းဝန်းထောက်ပံ့ကြ၏။

အချို့ကလည်း ငွေကြေးတတ်နိုင်သူများ ထံမှ ချေးငှား၍ မယ်ပြိုင်ပွဲအတွက် အဝတ်အစားများ ဝယ်ယူကြ၏။

ဤသို့ဖြင့် မယ်ပြိုင်ပွဲကြီးကျင်းပရန် တဖြည်းဖြည်း နီးကပ်လာသည်နှင့်အမျှ တစ်ရွာလုံး ရင်ခုန်လှုပ်ရှားလာကြ၏။ ထိုသူများ ထဲတွင် မယ်ပြိုင်ပွဲ၏ ဥက္ကဋ္ဌ ဦးရွှေဖီးမှာ အဆိုးဝါးဆုံး ဖြစ်၏။

သူသည် မယ်ပြိုင်ပွဲ၏ ဥက္ကဋ္ဌရာထူးကြီးကို ရသဖြင့် သူခိုးရွှေရတပြုံးပြုံးနှင့် ဝါးလုံးခေါင်းထဲ လသာနေလေ၏။

***

ဤသို့ဖြင့် ဦးရွှေဖီးတစ်ယောက် မယ်ပြိုင်ပွဲအတွက် အိမ်သို့မကပ်ဘဲ ရွာထဲ၌ သာ အချိန်ဖြုန်းနေသဖြင့် ဦးရွှေဖီးကို ကပ်ရပ်၍ စားသောက်နေရသူ ခေါင်မိုးသည် ငေါ်တစ်လှည့် ပြတ်တစ်လှည့် ဖြစ်နေလေ၏။

ခေါင်မိုးသည် ဦးရွှေဖီး၏ ညီမအရင်းကမွေးသော သား ဖြစ်၏။ ဦးရွှေဖီး၏ ညီမမှာ လွန်ခဲ့သော သုံးနှစ်ခန့်က ဆုံးသွားပြီး ခိုကိုးရာမဲ့နေသော ခေါင်မိုးအား ဦးရွှေဖီးက ခေါ်ယူ မွေးစားထားခြင်း ဖြစ်၏။

ယခုရက်ပိုင်းအတွင်း ဦးရွှေဖီးတစ်ယောက် မယ်ပြိုင်ပွဲအတွက် နေ့မအိပ်ညမအိပ် ကြိုးစားနေသဖြင့် ခေါင်မိုးသည် အိမ်တကာလည်၍ စားသောက်နေရ၏။

ဦးရွှေဖီးသည် ခေါင်မိုး ထမင်းဝခြင်း ရှိ မရှိ ဂရုစိုက်ခြင်း မရှိတော့။ သူ၏ အာရုံထဲတွင် မယ်ပြိုင်ပွဲကို အစည်ကားဆုံးဖြစ်အောင် ကျင်းပရန်သာ ရှိ၏။

ထို့ကြောင့် မြို့ပေါ်ရှိ မယ်ပြိုင်ပွဲနှင့်ပတ်သက်သည့် သတင်းများကို ရှာဖွေဖတ်ရှု၏။ ဦးရွှေဖီးနှင့် ဒိုင်အဖွဲ့ဝင် မုဆိုးဖိုလူကြီးများ မအားလပ်အောင် ရှိနေစဉ် ရွာထဲရှိ မယ်ပြိုင်ပွဲဝင်မည့် အပျိုကြီး၊ အပျိုလတ်များ ၊ မုဆိုးမများ သည် လည်း တစ်ဦးနှင့်တစ်ဦး အလှချင်းပြိုင်ဆိုင်နေကြ၏။

မယ်ပြိုင်ပွဲနှင့်ပတ်သက်၍ တစ်ရွာလုံး၌ မကျေနပ်ဖြစ်နေသူ တစ်ဦးသာရှိ၏။ ထိုသူမှာ ဦးရွှေဖီး၏ တူတော်သူ ခေါင်မိုး ဖြစ်၏။

ခေါင်မိုးသည် မယ်ပြိုင်ပွဲကျင်းပခြင်းမှာ အိုကြီးအိုမဖြစ်နေသော အဘွားကြီးများအား စင်ပေါ်တက်၍ အရှက်ခွဲသည် ဟု ထင်မြင်၏။

ထို့ကြောင့် မိမိနှင့်ရင်းနှီးသော အပျိုကြီး၊ အပျိုလတ်များကို မယ်ပြိုင်ပွဲမဝင်ရန် လိုက်လံစည်းရုံး၏။

သို့သော် ရွာရှိ အပျိုကြီး၊ အပျိုလတ်များမှာ မယ်ပြိုင်ပွဲဝင်ရန် ပိုးဝင်နေသဖြင့် တားဆီး၍ မဖြစ်နိုင်တော့ချေ။

ပေတောကုန်းရွာတွင် မယ်ပြိုင်ပွဲ ပြုလုပ်မည့်သတင်းသည် အခြားသော ရွာများ သို့ တောမီးပမာ ပျံ့နှံ့သွားလေ၏။

မယ်ပြိုင်ပွဲဝင်မည့် အချောအလှများမှာ အသက်လေးဆယ်ကျော် ငါးဆယ်ဝန်းကျင်များ ဖြစ်သဖြင့် မယ်ပြိုင်ပွဲကို စိတ်ဝင်စားသူ အလွန်များ

ပြားလှ၏။

သူတို့ ရွာ၏ မယ်ပြိုင်ပွဲတွင် ပထမစွဲမည်ဟု ထင်မြင်နေသူမှာ အသက်ငါးဆယ်ကျော်ရှိသော မုဆိုးမ မဖွားသက် ဖြစ်၏။

မဖွားသက်သည် ယခင်က လယ်ပိုင်ရှင်ကတော်တစ်ဦး ဖြစ်ပြီး လယ်ပိုင်ရှင်ကြီးနှင့် ပေါင်းဖက်စဉ် သားသမီး မထွန်းကားသဖြင့် အပျိုကြီးတစ်ယောက်ကဲ့သို့ လှပဆဲရှိသူ ဖြစ်၏။

သူမသည် ရုပ်ရည်ချောမောပြီး ဖြူဖြူထွားထွား မိန်းမလှကြီး ဖြစ်၏။ သူမသည် ငယ်စဉ်ကပင် ရွာ၌ ကွမ်းတောင်ကိုင်ဖြစ်ခဲ့၏။

သူမသည် မယ်ပြိုင်ပွဲ၏ ဒိုင်ဖြစ်သူ ဦးရွှေဖီးနှင့်လည်း ငယ်စဉ်က ရည်းစားဟောင်းများ ဖြစ်ခဲ့ဖူး၏။ ငယ်စဉ်က ဦးရွှေဖီး ဆင်းရဲနွမ်းပါးလွန်းသဖြင့် စွန့်ခွာပြီး လယ်ပိုင်ရှင်နောက် လိုက်သွားခဲ့ခြင်း ဖြစ်၏။

ဦးရွှေဖီးသည် လယ်ပိုင်ရှင်နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားသော ဒေါ်ဖွားသက်ကို စိတ်နာခြင်းမရှိဘဲ ယနေ့ထက်တိုင် တမ်းတနေဆဲ ဖြစ်၏။

ဒေါ်ဖွားသက်အား မယ်ပြိုင်ပွဲ၌ အမှတ်ပြည့်ပေးမည်ဟု ကြုံးဝါးနေသူ ဖြစ်၏။ ဒိုင်အဖွဲ့တွင် ပါဝင်သော မုဆိုးဖိုလူပျိုကြီး အချို့မှာ လည်း ဒေါ်ဖွားသက်ကို ယခင်ကတည်းက မျက်စိကျနေသူများ ဖြစ်၏။

ထို့ကြောင့် မယ်ပြိုင်ပွဲ၌ ဒေါ်ဖွားသက်သည် အားလုံးကို အနိုင်ရရှိပြီး ပထမစွဲမည်ဟု ထင်ကြေးအပေးခံရဆုံး ဖြစ်၏။

***

မယ်ပြိုင်ပွဲကျင်းပမည့်နေ့သို့ ရောက်သောအခါ အနီးအနားရွာများမှ

လူများ ပင် လာရောက် ကြည့်ရှုကြ၏။

ရွာလယ်ရှိ မယ်ပြိုင်ပွဲကျင်းပမည့် စင်ကြီးအနီးတွင် တဲကြီးတစ်လုံး ထိုးထားပြီး ထိုတဲကြီးအတွင်း၌ မယ်ပြိုင်ပွဲဝင်မည့် မိန်းမများ ရှိနေ၏။

အကဲဖြတ်ဒိုင်လူကြီးများ ၏ ကုလားထိုင်များမှာ မယ်ပြိုင်ပွဲကျင်းပမည့် စင်မြင့်၏ ရှေ့တွင် ရှိ၏။ ဒိုင်အဖွဲ့ဝင် လူကြီးများ သည် စင်မြင့်ရှေ့တွင် စီတန်း၍ ထိုင်နေကြပြီး အကဲဖြတ်ရန်အတွက် စာရွက်များကို ကိုယ်စီကိုင်ထားကြ၏။

မယ်ပြိုင်ပွဲ၏ ဥက္ကဋ္ဌကြီးသည် မယ်ပြိုင်ပွဲကျင်းပမည့် အချိန်အခါသို့ ရောက်ရှိနေသဖြင့် မယ်ပြိုင်ပွဲ စတင်ကျင်းပမည်ဖြစ်ကြောင်း အောင်မြင်သော အသံဝါကြီးဖြင့် ကြေညာလိုက်သည် ။

ထိုအခါ ရွာသူရွာသားများ သည် သဘောကျဟန်ဖြင့် ဆူညံစွာအော်ဟစ်၍ တစ်ခဲနက် အားပေးကြ၏။ ထို့နောက် ပြိုင်ပွဲဝင်မယ်များ အသီးသီး စင်ပေါ်သို့ တက်လာကြ၏။

မယ်ပြိုင်ပွဲဝင်မည့်သူများ သည် အနည်းဆုံး အသက်လေးဆယ်ကျော် ရှိသော်လည်း အလှဆုံးဖြစ်အောင် ပြင်ဆင်ထားကြသဖြင့် အပျိုလေးများ သဖွယ် အလှသွေးများ ကြွယ်နေလေ၏။

မယ်ပြိုင်ပွဲဝင်မည့် အပျိုကြီး၊ အပျိုလတ်နှင့် မုဆိုးမများ သည် စင်ပေါ်တွင် တစ်ဦးချင်း တက် လာပြီး မိမိတို့ စိတ်ကြိုက် ကိုယ်ဟန်ပြကြလေ၏။

ထိုမြင်ကွင်းကိုကြည့်၍ ရွာသူရွာသားများ သည် အလွန်သဘောကျပြီး လက်ခုပ်လက်ဝါး တီးကြလေ၏။

အခြားသောရွာမှ ရွာသူရွာသားများ လည်း ဆူညံစွာ အော်ဟစ်၍

အားပေးကြလေ၏။

မယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သူများ အနက် အမှတ်အများ ဆုံး ရရှိကြသူများမှာ အပျိုကြီး မစိမ်းလဲ့နှင့် အများ မျှော်လင့်ထားသည့်အတိုင်း မုဆိုးမ ဒေါ်ဖွားသက် ဖြစ်၏။

အပျိုကြီးမစိမ်းလဲ့သည် အသက်လေးဆယ်ကျော် ဝန်းကျင်မျှသာ ဖြစ်သဖြင့် မုဆိုးမ ဒေါ်ဖွားသက်ထက် အသက်အရွယ်အားဖြင့် ငယ်ရွယ်၏ ။

သို့သော် မုဆိုးမ ဒေါ်ဖွားသက်မှာ အသားအရေ ဖြူစင်ဝင်းပပြီး ကိုယ်လုံးကိုယ်ပေါက် ပိုမိုလှပ၏။ အပျိုကြီး မစိမ်းလဲ့မှာ အရပ်အမောင်းကောင်းပြီး အသား ညိုစိမ့်စိမ့်ရှိသူ ဖြစ်၏။

အချို့သော အဖွဲ့ဝင်ဒိုင်လူကြီးများက အပျိုကြီး မစိမ်းလဲ့ကို နှစ်သက်ပြီး အမှတ်များများ ပေးကြ၏။ နောက်ဆုံးတွင် အပျိုကြီး မစိမ်းလဲ့နှင့် မုဆိုးမ ဒေါ်ဖွားသက်မှာ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရ၏။

ထိုသို့ဖြင့် မုဆိုးမ ဒေါ်ဖွားသက်နှင့် အပျိုကြီး မစိမ်းလဲ့သည် အမှတ်ချင်း တူနေလေ၏။ နောက်ဆုံးတွင် ဒိုင်ဖြစ်သူ ဦးရွှေဖီး အထူး ပေးခွင့်ရသော အမှတ်တစ်မှတ်သာ ကျန်တော့၏။

ဦးရွှေဖီး၏ အမှတ်သည် အရေးအပါဆုံး ဖြစ်နေလေ၏။ ရွာသူရွာသားများ အားလုံး ဒိုင်ဖြစ်သူ ဦးရွှေဖီးသည် မည်သူ့ကို အမှတ်ပေးမည်နည်းဟု စိတ်ဝင်စားစွာ စောင့်ကြည့်ကြ၏။

ထိုအခါ ဦးရွှေဖီးသည် သူ၏ အဆက်ဟောင်း ဒေါ်ဖွားသက်ကိုသာ နောက်ဆုံးပေးခွင့်ရှိသော အမှတ်ကို ပေး လိုက်လေ၏။

ထို့ကြောင့် ဒေါ်ဖွားသက်သည် ရွာ၏ အလှမယ်ဘွဲ့ကို ရရှိသွားလေ

တော့၏။ ဒေါ်ဖွားသက် ရွာ၏ အလှမယ်ဘွဲ့ ရရှိခြင်းမှာ ဦးရွှေဖိုးက သူ၏ ရည်းစားဟောင်းကို မျက်နှာလိုက်သောကြောင့် ဖြစ်သည် ဟု ဆိုသူကဆိုကြ၏။

မည်သို့ပင်ဖြစ်စေ ဒေါ်ဖွားသက်သည် ပေတောကုန်းရွာ၏ အလှမယ် ဖြစ်သွားခဲ့ချေပြီ။ ဒေါ်ဖွားသက်တစ်ယောက် အလှမယ် ဖြစ်သွားသောအခါ ဒိုင်လူကြီး ဦးရွှေဖိုးနှင့် ပြန်လည်ရင်းနှီး ကျွမ်းဝင်သွားခဲ့၏။

ဒေါ်ဖွားသက်က ဦးရွှေဖိုးပေးသော အမှတ်ကြောင့် အလှမယ်ဘွဲ့ ရရှိသွားခြင်းအတွက် အိမ်တိုင်ရာရောက် ကျေးဇူးတင်ကြောင်း လာပြောလေ၏။

ဦးရွှေဖိုးကလည်း ဒေါ်ဖွားသက်အား ငယ်စဉ်ဘဝက သံယောဇဉ်များအကြောင်းကို ပြန်ပြောင်း ပြောဆိုလေ၏။

ထိုအချိန်မှ စ၍ ဒေါ်ဖွားသက်သည် ဦးရွှေဖိုးနှင့် ငယ်စဉ်ကဇာတ်လမ်းကို ပြန်ဆက်မိလေ၏။

မယ်ပြိုင်ပွဲပြုလုပ်ပြီးနောက် တစ်လအကြာတွင် ဦးရွှေဖိုးနှင့် ဒေါ်ဖွားသက်သည် အကြောင်းဆက်၍ ပေါင်းဖက်ရန် ပြင်ဆင်ကြလေ၏။

*